# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
## ပထမနေ့မှတ်တမ်း
## ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
## ( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[သဘာပတိအဖြစ် ဒေါ်ခင်ဌေးကြွယ်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးဝင်းမြင့် တို့က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ နိုင်ငံပိုင်သတင်းများနှင့် သတင်းဂျာနယ်၊ သတင်းထောက်များ စုစုပေါင်း ၆၆၈ ဦး တက်ရောက်သတင်းယူလျက်ရှိကြောင်းနှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဟောင်းနှစ်ဦး တက်ရောက်ချီးမြင့်လျက်ရှိပြီးတော့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်ဟောင်း ၃၆ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ၁၀ ဦး၊ သံအမတ်ကြီးများ ၄ ဦး၊ အခြားဧည့်သည်တော်များ စုစုပေါင်း ၂၇၈ ဦး တက်ရောက်လေ့လာ လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ စတင်ပါတော့မယ်။

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇ နည်းဥပဒေခွဲ(က)အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ကျန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## သဘာပတိတင်မြှောက်ခြင်း

**အခမ်းအနားမှူး။** ။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅ နဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမှာ ဖြစ်ပါတယ်။

သဘာပတိတင်မြှောက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇ အရ သဘာပတိလောင်းအမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။

သဘာပတိလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလာပုံစံကို ကျန်တော့်ထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမည်စာရင်း တင်သွင်းခံရသူဟာ သဘာပတိအဖြစ် တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရပါမယ်။

အမည်စာရင်း တင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး ကျန်တော့်ထံ ပြန်လည်ပေးအပ်ဖို့ဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းလာပုံစံများကို ကျန်တော့်ထံမှ လာရောက်ထုတ်ယူဖို့ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိလောင်းအမည်စာရင်း တင်သွင်းလာများထုတ်ယူကြပါသည်။]

**အခမ်းအနားမှူး။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်း အမည်စာရင်း တင်သွင်းလာပုံစံ ထုတ်ယူတဲ့အရေအတွက်ဟာ (၁)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက် ဟာ(၁)စောင်ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ လတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သဘာပတိလောင်း အမည်စာရင်း တင်သွင်းရာမှာ ဒေါ်ခင်ဌေးကြွယ်(ချောင်းဆုံမဲဆန္ဒနယ်)ကို ဒေါက်တာမေဝင်းမြင့် (မရမ်းကုန်း မဲဆန္ဒနယ်)က အမည်စာရင်းတင်သွင်းပြီး ဦးစိုးငွေ(ကော့ကရိတ်မဲဆန္ဒနယ်)က ထောက်ခံ ထားပါ တယ်။

ဒါကြောင့် သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိ သဖြင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇ နည်းဥပဒေခွဲ(စ)အရ ဒေါ်ခင်ဌေးကြွယ် (ချောင်းဆုံမဲဆန္ဒနယ်) အား သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

[သဘာပတိအဖြစ် ဒေါ်ခင်ဌေးကြွယ် အား မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် က အဆိုတင်သွင်းပြီး၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးငွေက ထောက်ခံပါသည်။]

## သဘာပတိနေရာယူခြင်း

**အခမ်းအနားမှူး။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိအဖြစ် တင်မြှောက် ခံရတဲ့ ဒေါ်ခင်ဌေးကြွယ်က သဘာပတိတာဝန်ထမ်းဆောင်ဖို့အတွက် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူမှာ ဖြစ်ပါတယ်။ သဘာပတိ တာဝန်ထမ်းဆောင်ဖို့ စင်မြင့်ပေါ်သို့ ကြွရောက်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

သဘာပတိစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါရန် ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

[သဘာပတိသည် သဘာပတိအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ကြွရောက် နေရာ ယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## သဘာပတိ ကတိသစာပြုခြင်းနှင့် ကတိသစာပြုလာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၃ ခုနှစ်၊ ပြည်သူ့လတ်တော်ဆိုင်ရာနည်းဥပဒေ ၉ နည်းဥပဒေခွဲ(က)အရ သဘာပတိကတိသစာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ကျန်တော်က ကတိသစာကိုတိုင်ပေးတဲ့အခါ ကတိသစာပြုမယ့် သဘာပတိကသာ လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု သဘာပတိ ကတိသစာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ပန်ကြားအပ်ပါတယ်။

[အခမ်းအနားမှူးက အောက်ပါအတိုင်း ကတိသစာကိုတိုင်ပေး၍ သဘာပတိက ကတိသစာပြုပါသည်။]

"ကျနိုပ် ဒေါ်ခင်ဌေးကြွယ်သည် ပြည်သူ့လတ်တော်ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျနိုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစာပြုပါသည်။"

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လတ်တော်၏ရှေ့မှောက်တွင် သဘာပတိက ကတိသစာပြုလာပေါ်၌ လက်မှတ်ရေးထိုးတဲ့အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

[သဘာပတိသည် ကတိသစာပြုလာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။]

## သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု သဘာပတိက နှုတ်ခွန်းဆက်စကား ပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် သဘာပတိအား လေးစားစွာပန်ကြားအပ်ပါတယ်။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ယခုလို မင်္ဂလာအပေါင်းင်္ဂ ပြည့်စုံတဲ့အခါသမယမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မတို့အားလုံးဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြမယ်လို့ ဆန္ဒရှိကြသူများဖြစ်ကြတဲ့အပြင် ပြည်သူတွေကလည်း နိုင်ငံတော်နှင့် ပြည်သူများရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးကြဖို့ ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရကြသူများဖြစ်ပါတယ်။ မိမိတို့သည် တူညီသောရည်မှန်းချက်များကို အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ စုဝေးရောက်ရှိနေကြပြီဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတော်နှင့်ပြည်သူများအတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ကျွန်မကို သဘာပတိအဖြစ် အသိအမှတ်ပြုရွေးချယ်တင်မြှောက်ပေးကြတဲ့အတွက် ကိုယ်စားလှယ်တော်များအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်မအနေနဲ့ ပေးအပ်တဲ့တာဝန်ကို အထူးဝမ်းမြောက်ဂုဏ်ယူစွာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာနှင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် လွှတ်တော်အစည်းအဝေးတွင် မှန်ကန်စွာဆွေးနွေးညှိနှိုင်းသုံးသပ်ဆုံးဖြတ်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး သဘာပတိက အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒီနေ့ ကျင်းပတဲ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦး ရှိပြီး အစည်းအဝေးကို ၄၂၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့

မှုကြမ်း

လတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၉၉.၀၈ ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၁ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ အရ အစည်းအဝေး အထမြောက် ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ယခု ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြရမှာဖြစ်ပါတယ်။

ကျွန်မက ကတိသစ္စာပြုတိုင်ပေးတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်များက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုပါ့မယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ကတိသစ္စာပြုလွှာပေါ်ရှိ ကွက်လပ်နေရာ၌ မိမိရဲ့အမည်ကို ထည့်သွင်းရွတ်ဆိုရန်ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုကြပါသည်။]

"ကျွန်ုပ်------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**သဘာပတိ**။ ။ အားလုံးထိုင်နိုင်ပါပြီ။

**သဘာပတိ**။ ။ လတ်တော်ကိုယ်စားလှယ်များရှင်။ ယခု သဘာပတိရှေ့မှောက်မှာ လတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးတဲ့အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပေးထားတဲ့ ကတိသစ္စာပြုလွှာများအပေါ်မှာ မိမိရဲ့ အမည်၊ မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမည်တို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ ဖြစ်ပါတယ်။ တပ်မတော်သား လတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့အမည်၊ ရာထူးတို့ကို ရေးသားပြီးလက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။ ယခု လတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာ ပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးနိုင်ကြပါပြီ။

[လတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

**သဘာပတိ**။ ။ လတ်တော်ကိုယ်စားလှယ်များရှင်။ လက်မှတ်ရေးထိုးပြီးတဲ့ ကတိသစ္စာပြုလွှာများကို ပြည်သူ့လတ်တော်ရုံးဝန်ထမ်းများက အစည်းအဝေးရပ်နားချိန်မှာ ဝင်ရောက်သိမ်းယူကြမှာဖြစ်တဲ့အတွက် ကတိသစ္စာပြုလွှာများကို မိမိတို့ရဲ့စားပွဲပေါ်မှာ ထားခဲ့ကြရန် ဖြစ်ပါတယ်။

## ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**သဘာပတိ**။ ။ လတ်တော်ကိုယ်စားလှယ်များရှင်။ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော သဘာပတိကြီးရှင့်။ ယနေ့ ၁-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လတ်တော်ကိုယ်စားလှယ်များ၏ စာရင်းကို ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား ကျွန်မ ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်မှ စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လတ်တော်တွင် တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ ၄ ဦးရှိပါတယ်။ တင်ပြပါ ခွင့်ပန်ကြားသူ ၄ ဦးမှာ အလုပ်တာဝန်အသီးသီးတို့တွင် ထမ်းဆောင်နေရခြင်းနှင့် ၁ ဦးမှာ ကျန်းမာရေးမကောင်းသောကြောင့် ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ၎င်းတို့မှာ-

**မူကြမ်း**

(၁) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၆၀ ရက်၊

(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၆၀ ရက်၊

(၃) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၆၀ ရက်နှင့်

(၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ်ခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

**သဘာပတိ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ဒီကနေ့ အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ ၄၃၃ ဦး ဖြစ်ပြီး ခွင့်ပန်ကြားလို့ ခွင့်ပြုထားသူ ၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(ဂ)အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားရှင်။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**သဘာပတိ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တစ်ဦးစီကို ၂၀၁၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၅ အရ ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတစ်ဦး ရွေးကောက်

တင်မြှောက်ဖို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀ အရ ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်း တင်သွင်းလာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်း တင်သွင်း ရပါမယ်။ အမည်စာရင်း တင်သွင်းခံရသူဟာ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလာမှာ လိုအပ်တဲ့အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းလာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူနိုင်ကြပါပြီ။

**အခမ်းအနားမှူး**။ ။ အမည်စာရင်းတင်သွင်းလာပုံစံများကို ကျွန်တော့်ထံမှ လာရောက် ထုတ်ယူကြဖို့ဖြစ်ပါတယ်။

[ဥက္ကဋ္ဌလောင်းအမည်စာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်း ကြပါသည်။]

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလာပုံစံ ထုတ်ယူတဲ့အရေအတွက်ဟာ (၁)စောင်ဖြစ်ပြီး၊ ပြန်လည်တင်သွင်းတဲ့ အရေအတွက် ဟာ(၁)စောင် ဖြစ်ပါတယ်။

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းရာမှာ ဦးဝင်းမြင့်(တာမွေမဲဆန္ဒနယ်)ကို ဒေါက်တာမျိုးအောင်[ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်]က အမည်စာရင်းတင်သွင်းပြီး ဦးဝေလိုင်ထွန်း(ပုသိမ်မဲဆန္ဒနယ်)က ထောက်ခံ ထားပါတယ်။

ဒါ့ကြောင့် ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁ အရ ဦးဝင်းမြင့်(တာမွေမဲဆန္ဒနယ်)အား ဥက္ကဋ္ဌ အဖြစ်တင်မြှောက်ကြောင်းကြေညာအပ်ပါတယ်။ (သြဘာသံများ)

**[ဥက္ကဋ္ဌအဖြစ် ဦးဝင်းမြင့်အား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မှ ဒေါက်တာမျိုးအောင်က အဆိုတင်သွင်း ပြီး ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလိုင်ထွန်းက ထောက်ခံပါသည်။]**

**မှူးကြမ်း**

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲက ဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ပြီး ဖြစ်တဲ့အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဆက်လက်ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃ အရ နည်းဥပဒေ ၁၀ ပါ နည်းလမ်း များနှင့်အညီ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်း တင်သွင်းလာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်းတင်သွင်းရပါမယ်။ အမည်စာရင်းတင်သွင်းခံရသူဟာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလာမှာ လိုအပ်တဲ့အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းလာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူနိုင်ကြပါပြီ။

**အခမ်းအနားမှူး**။ ။ အမည်စာရင်းတင်သွင်းလာပုံစံများကို ကျန်တော့်ထံမှာ လာရောက်ထုတ်ယူကြဖို့ဖြစ်ပါတယ်။

[ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းကြပါသည်။]

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလာပုံစံ ထုတ်ယူတဲ့အရေအတွက်ဟာ (၁)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့အရေအတွက်ဟာ (၁)စောင် ဖြစ်ပါတယ်။

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရာမှာ ဦးတီခွန်မြတ်(ကွတ်ခိုင်မဲဆန္ဒနယ်)ကို ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)က အမည်စာရင်းတင်သွင်းပြီး ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်) က ထောက်ခံထားပါတယ်။

ဒါ့ကြောင့် ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁ အရ ဦးတီခွန်မြတ်(ကွတ်ခိုင်မဲဆန္ဒနယ်)အား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

[ဒုတိယဥက္ကဋ္ဌအဖြစ် ဦးတီခွန်မြတ်အား လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းက အဆိုတင်သွင်းပြီး ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ကထောက်ခံပါသည်။]

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄ အရ သဘာပတိ ရှေ့မှောက်မှာ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့အား စင်မြင့်ပေါ်သို့ ကြွရောက်ပါရန် ဖိတ်ခေါ်ပါတယ်။

**သဘာပတိ**။ ။ ယခု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ဖြစ်ပါတယ်။ ကတိ သစ္စာကို ကျွန်မက တိုင်ပေးတဲ့အခါမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုက်ဆိုဖို့ဖြစ်ပါတယ်။ အစည်း အဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

''ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် ဦးဝင်းမြင့် သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေ များကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြု ပါသည်။''

**မှူကြမ်း**

**သဘာပတိ**။ ။ ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌ ကတိသစာပြုဖို့ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကတိသစာပြုပါသည်။]

“ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် ဦးတီခွန်မြတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစာပြုပါသည်။”

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**သဘာပတိ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ယခု ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄ အရ လွှတ်တော်၏ရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့လက်မှတ်ရေးထိုးတဲ့အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့အား သဘာပတိ၏ လက်ဝဲဘက်တွင် စီစဉ်ထားသည့် နေရာသို့တက်ရောက်၍ ကတိသစာပြုလာတွင် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြားပါတယ်။

[ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကတိသစာပြုလာပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

## ပြည်သူ့လွှတ်တော် သဘာပတိက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း

**သဘာပတိ**။ ။ ယခု ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅ အရ သဘာပတိက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်မှာဖြစ်ပါတယ်။ တာဝန်လွှဲအပ်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ တာဝန်လွှဲအပ်မည့်နေရာသို့ ကြွရောက်ပါရန် ဥက္ကဋ္ဌအား ပန်ကြားအပ်ပါတယ်။

[သဘာပတိသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပါသည်။]

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီးတော့ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်သစကားပြောကြားမှာ ဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် ဥက္ကဋ္ဌအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

[အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာသော သုခနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒီလွှတ်တော်အစည်းအဝေးကြီးကို ခေါ်ယူပေးတဲ့အပြင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ သွားရေးလာရေး အစစအဆင်ပြေအောင် ကြိုတင်မြော်တွေး ဆောင်ရွက်ပေးတဲ့ နာယကကြီးသူရဦးရွှေမန်းနဲ့ သက်ဆိုင်ရာတာဝန်ရှိသူပုဂ္ဂိုလ်များအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်းပြောကြားအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ဟာ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ဂုဏ်ယူစရာနေ့တစ်နေ့ ဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး ပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ ဒုတိယအကြိမ် လွှတ်တော်ကြီး ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ပြည်သူများလိုလားမျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံသူနိုင်ငံသားများက ၎င်းတို့ကိုယ်စား လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းခံရတဲ့ ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။

လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသည်နှင့်အညီ မိမိတို့ရဲ့ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်တွေကလည်း အလွန်အရေးကြီးလှပါတယ်။ မိမိတို့ရဲ့ တွေးခေါ်ကြံဆပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံတွေဟာ ဒီမိုကရေစီကျင့်စဉ်များ လူ့အခွင့်အရေးစံနှုန်းများကို ခံစားစံစားလိုကြတဲ့ နိုင်ငံသူနိုင်ငံသားတွေအတွက် စံနမူနာကောင်းတွေဖြစ်စေချင်ပါတယ်။ တစ်ဦးနဲ့ တစ်ဦးသဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လတ်ခြင်း၊ အပြန်အလှန် လေးစားခြင်း၊ အပြန်အလှန် နားလည်မှုရှိခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားတွေရဲ့ အကျိုးကိုသယ်ပိုးကြစေလိုပါတယ်။ တစ်ဦးနဲ့ တစ်ဦးရင်းနှီးချစ်ကြည်စွာဖြင့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီရှင်သန်ခိုင်မာဖို့နဲ့ လူ့အခွင့်အရေးများမြင့်တင်နိုင်ဖို့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်နိုင်ဖို့ စသည်တို့ကိုအတူတကွ လက်တွဲပူးပေါင်းအကောင်အထည်ဖော်ကြရန် တိုက်တွန်းနှိုးဆော်ပါတယ်။ ကျန်တော်တို့အားလုံးဟာ ကိုယ်ကျိုးစီးပွားထက် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးကာ မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိတို့ရဲ့ဂုဏ်သိက္ခာကို မြင့်မားစေပါတယ်။ ကျန်တော်တို့နိုင်ငံရဲ့ သမိုင်းစာမျက်နှာသစ်ကို ဖွင့်ခွင့်ရကြသူများပီပီ လတ်တော်ကြီးရဲ့ဂုဏ်ဒြပ် ပိုမိုမြင့်မားပြီး တင့်တယ်လာအောင် စွမ်းဆောင်ကြစေလိုပါတယ်။

လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်မှာဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ အာဏာကြီးသုံးရပ်အနက် လတ်တော်ရဲ့အဓိကတာဝန်ဟာ ဥပဒေပြုရေးဖြစ်ပါတယ်။ ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူမဖြစ်စေရဆိုတဲ့ ဆိုရိုးစကားနဲ့အညီ လတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ကိုလေ့လာဖတ်ရှုပြီး လေးစားလိုက်နာခြင်းဖြင့် ကိုယ်စားလှယ်များရဲ့ ဂုဏ်ရည်ကိုပြသစေလိုပါတယ်။ ဒါ့အပြင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များဟာ ဒီမိုကရေစီကျင့်စဉ်နဲ့ ညီ/မညီ၊ လူ့အခွင့်အရေးစံချိန်စံညွှန်းများနဲ့ ကိုက်/မကိုက်၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနဲ့ ဆီလျော်မရှိ/မရှိ၊ နိုင်ငံတကာစာချုပ်စာတမ်းများနဲ့ အကျုံးဝင်/မဝင်၊ ပြည်သူလူထုအတွက် အကျိုးရှိ/မရှိ၊ ပြည်သူလူထုရဲ့ ဘဝလုံခြုံရေးနဲ့ စိတ်လုံခြုံရေးကို အကာအကွယ်ပေး/မပေးတို့ကို လေ့လာစိစစ်ကြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။

လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လတ်တော်ဥက္ကဋ္ဌတာဝန်ကို လတ်တော်ကိုယ်စားလှယ်များက ကျန်တော့်အား ပေးအပ်လိုက်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ

ဂုဏ်ယူစွာဖြင့် ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ ဒီတာဝန်ကြီးကို ကျန်တော့်အနေဖြင့်လည်း လတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနဲ့အညီ အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအခွင့်အလမ်းများ ပွင့်လန်းလာစေရန်၊ နိုင်ငံသားများရဲ့ အခြေခံလူ့အခွင့်အရေးများ ပိုမိုရရှိလာစေရန်တို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်မည်ဖြစ်ပါကြောင်း လေးနက်တည်ကြည်စွာကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ယခု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌပြန်လည်ထွက်ခွာတဲ့အခါမှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန် ပြည်သူ့လွှတ်တော် ပထမထပ်ထမင်းစားခန်းမမှာ ပြင်ဆင်ထားပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် အမျိုးသားလွှတ်တော် ထမင်းစားခန်းမသို့ ကြွရောက်ပါရန် ပန်ကြားအပ်ပါတယ်။

**မှုကြမ်း**

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]